# ဩစတြေးလျဓနသဟာယနိုင်ငံဆိုင်ရာအချက်အလက်များ

## တည်နေရာနှင့်သမိုင်းကြောင်း

၁။ ဩစတြေးလျနိုင်ငံအား ဩစတြေးလျဓနသဟာယနိုင်ငံဟုခေါ်တွင်ပါသည်။ ဩစတြေးလျ တိုက်မကြီး၊ တက်စမေးနီးယားကျွန်းနှင့် ကျွန်းငယ်ပေါင်းမြောက်များစွာ ပါဝင်ဖွဲ့စည်းထား သည့် သမုဒ္ဒရာပိုင်းဖုံနိုင်ငံဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက်အကြီးဆုံးနိုင်ငံဖြစ်ပါသည်။ မြောက်ဘက်တွင် ပါပူဝါနယူးဂီနီနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့်အရှေ့တီမောနိုင်ငံ၊ အရှေ့မြောက် ဘက်တွင် ဆော်လမွန်ကျွန်းစုနိုင်ငံနှင့်ဗင်နွာတူနိုင်ငံ၊ အရှေ့တောင်ဘက်တွင် နယူးဇီလန် နိုင်ငံတို့တည်ရှိပါသည်။ ထို့အပြင် သီးခြားတိုက်တစ်တိုက်လည်းဖြစ်ပါသည်။




၂။ ၁၈ရာစု ဗြိတိသျှတို့အခြေမစိုက်မီကာလ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀၀ ခန့်တွင် ကနဦး ဩစတြေးလျတိုင်းရင်းသားအုပ်စု ၂၅၀ ခန့် အခြေချနေထိုင်ခဲ့ပါသည်။ ၁၆၀၆ ခုနှစ် တွင် ဒတ်ချ် (Dutch) တို့မှ ဩစတြေးလျတိုက်အား ရှာဖွေတွေ့ရှိခဲ့ပြီး ယင်းတိုက်သို့ စူးစမ်းရှာဖွေရန် အခြားဥရောပနိုင်ငံများမှ စိတ်ဝင်စားလာခဲ့ကြပါသည်။ ဗြိတိသျှတို့သည် ဩစတြေးလျ အခြေချမှုပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ကာ ၁၇၇၀ ပြည့်နှစ်တွင် အရှေ့ပိုင်းနယ်နိမိတ်များသည် ဗြိတိသျှ တို့အပိုင်ဖြစ်လာသည်။ ကနဦးဗြိတိသျှတို့မှာ ဩစတြေးလျအား အကျိုးဖြစ်ထွန်းစေသည့်

ကိုလိုနီအဖြစ်သဘောမထားဘဲ ဗြိတိသျှနိုင်ငံတွင် အလိုမရှိသည့် လူဆိုးလူမိုက်၊ အကျဉ်းသား၊ ကလေကချေ၊ ဆန်ကုန်မြေလေးတို့အား ဩစတြေးလျသို့ မဲဇာအဖြစ်စေလွှတ်နယ်နှင်သည့် ထောင်ကိုလိုနီဒေသ (Prison Colony) အဖြစ် သဘောထားခဲ့ပါသည်။ နောက်ပိုင်း ဩစတြေးလျတွင် မွေးမြူရေးလုပ်ငန်းအောင်မြင်မှုနှင့် သယံဇာတကြွယ်ဝမှုကို တွေ့ရှိပြီးသည့် နောက်ပိုင်း လယ်သမားနှင့်ကုန်သည်ပွဲစားလူတန်းစားများ အခြေချနေထိုင်လာခဲ့သည်။ ၁၉၀၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ကိုလိုနီနယ် ၆ ခုအား ဖက်ဒရယ်အဖြစ် စုပေါင်းကာ ဓနသဟာယနိုင်ငံအဖြစ်ထူထောင်ခဲ့သည်။ ဩစတြေးလျနိုင်ငံသည် ဖက်ဒရယ်ပါလီမန်ဒီမိုကရေစီစနစ်နှင့် စည်းမျဉ်းခံဘုရင်စနစ်တို့ကိုအခြေခံသော လစ်ဘရယ်ဒီမိုကရက်တစ်နိုင်ငံဖြစ်သည်။ ဩစတြေးလျနိုင်ငံတွင် ပြည်နယ် ၆ ခုဖြင့်ဖွဲ့စည်းထားကာ လူဦးရေ ၂၅ သန်း ကျော်ရှိပါသည်။ မြို့ပြလူဦးရေများပြားကာ အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်တွင် လူဦးရေသိပ်သည်းဆ ပိုမိုများပြားပါသည်။ သို့သော် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ဩစတြေးလျသည် သိပ်သည်းဆအလွန်နည်းပါးပါသည်။

၃။ ဩစတြေးလျနိုင်ငံသည် ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများစာရင်းတွင်ပါဝင်သော ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကမ္ဘာ့ ၁၃ နိုင်ငံမြောက် စီးပွားရေးအကောင်းမွန်ဆုံးနိုင်ငံဖြစ်ကာ တစ်ဦးချင်းဝင်ငွေမှာ ကမ္ဘာ့နံပါတ် ၁၀ နေရာတွင်ရှိပါသည်။ ဩစတြေးလျ၏ စစ်သုံးစရိတ်သုံးစွဲမှုမှာ ၁၃ နိုင်ငံမြောက်တွင်ရှိပါသည်။

**အစိုးရ**

၄။ ဩစတြေးလျနိုင်ငံသည် စည်းမျဉ်းခံဘုရင်စနစ်ကိုကျင့်သုံးပြီး ပါလီမန်ဒီမိုကရေစီစနစ်ဖြစ်ပါသည်။ ဒုတိယမြောက်အဲလက်ဇဘက်ဘုရင်မသည် နိုင်ငံ၏အကြီးအမှူးဖြစ်ကာ ဩစတြေးလျ၏ဘုရင်မလည်းဖြစ်သည်။ ဘုရင်မသည် UK တွင် အခြေစိုက်ကာ ဘုရင်မအား ဩစတြေးလျဘုရင်ခံချုပ်မှ တာဝန်ခံရသည်။ ပြည်နယ်အလိုက် ဘုရင်ခံများကို ခန့်အပ်ထားရှိကာ ဘုရင်ခံချုပ်နှင့်ဘုရင်ခံများအား ဘုရင်မမှတိုက်ရိုက်ခန့်အပ်သည်။ လက်ရှိဘုရင်ခံချုပ်မှာ Sir Peter Cosgrove ဖြစ်ကာ ဝန်ကြီးချုပ်မှာ Scott Morrison ဖြစ်သည်။

  

ဘုရင်မ Elizabeth II　　ဘုရင်ခံချုပ် Sir Peter Cosgrove　　ဝန်ကြီးချုပ် Scott Morrison

၅။ ဖက်ဒရယ်အစိုးရအား အောက်ပါအတိုင်းကဏ္ဍ (၃) ခုခွဲခြားသတ်မှတ်နိုင်သည်-

(က) **ဥပဒေပြုရေး**။ လွှတ်တော်နှစ်ရပ်ပါဝင်ကာ ၎င်းလွှတ်တော်နှစ်ရပ်တွင် ဘုရင်မ၏ အခန်းကဏ္ဍ (ဘုရင်ခံချုပ်မှကိုယ်စားပြုသည်)၊ ဆီးနိတ်လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ပါဝင်သည်။

(ခ) **အုပ်ချုပ်ရေး**။ ဖက်ဒရယ်အုပ်ချုပ်ရေးကောင်စီသည် အဓိကဖြစ်ကာ ဘုရင်ခံချုပ်အားဝန်ကြီးချုပ်နှင့်ဝန်ကြီးအဖွဲ့မှ အုပ်ချုပ်မှုပိုင်းဆိုင်ရာတွင် ပံ့ပိုးကူညီပေးသည်။

(ဂ) **တရားစီရင်ရေး**။ ဩစတြေးလျတရားလွှတ်တော်ချုပ်နှင့် အခြားဖက်ဒရယ်တရားလွှတ်တော်များမှဆောင်ရွက်သည်။ အဆိုပါတရားစီရင်ရေးပိုင်းမှ ပုဂ္ဂိုလ်များအား ဖက်ဒရယ်ကောင်စီ၏ ထောက်ခံမှုဖြင့် ဘုရင်ခံချုပ်မှခန့်အပ်သည်။

## လွှတ်တော်နှင့်နိုင်ငံရေး

၆။ လွှတ်တော်နှစ်ရပ်ရှိပြီး အထက်လွှတ်တော်(Senate)နှင့် အောက်လွှတ်တော်ဖြစ်သည့် ပြည်သူ့လွှတ်တော် (House of Representative) ဖြစ်သည်။ အထက်လွှတ်တော်တွင် ကိုယ်စားလှယ်ဦးရေ ၇၆ နေရာနှင့် အောက်လွှတ်တော်တွင်ကိုယ်စားလှယ်ဦးရေ ၁၅၀ နေရာဖြစ်သည်။ လွှတ်တော်သည် အစိုးရအဖွဲ့ကိုဖွဲ့စည်းကာ အစိုးရအဖွဲ့အကြီးအကဲသည် ဝန်ကြီးချုပ်ဖြစ်သည်။ ဘုရင်ခံချုပ်တွင် အုပ်ချုပ်ရေးအာဏာရှိသော်လည်း သာမန်အားဖြင့် ဝန်ကြီးချုပ်က နိုင်ငံကို အုပ်ချုပ်သည်။ သို့ရာတွင် ဘုရင်ခံချုပ်သည် ဝန်ကြီးချုပ်ကိုကျော်လွန်ကာ အာဏာ

သုံးပိုင်ခွင့်ရှိကြောင်းကို ၁၉၇၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအကျပ်အတည်းဖြစ်ချိန်တွင် ဘုရင်ခံချုပ်က အစိုးရအဖွဲ့ကို ဖျက်သိမ်းခဲ့ခြင်းဖြင့်ပြသခဲ့သည်။

၇။ နိုင်ငံရေးတွင် အဓိကပါတီ(၂)ခုရှိကာ သြစတြေးလျလေဘာပါတီနှင့် နှစ်ပါတီ ညွန့်ပေါင်းအဖွဲ့တို့ဖြစ်သည်။ ညွန့်ပေါင်းအဖွဲ့တွင် လစ်ဘရယ်ပါတီနှင့် နေရှင်နယ်ပါတီတို့ ပူးပေါင်းထားခြင်းဖြစ်သည်။

**ပြည်နယ်များနှင့်နယ်မြေများ**

၈။ သြစတြေးလျနိုင်ငံတွင် ပြည်နယ် (၆) ခုနှင့် ပင်မနယ်မြေ (၂) ခု ခွဲခြားသတ်မှတ်ထား ပါသည်။ ပြည်နယ် (၆) ခုနှင့် နယ်မြေ (၂) ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နယူးဆောက်ဝေးလ်ပြည်နယ်၊

(ခ) ကွင်းစ်လန်းစ်ပြည်နယ်၊

(ဂ) တောင်သြစတြေးလျပြည်နယ်၊

(ဃ) တက်စ်မေးနီးယားပြည်နယ်၊

(င) ဗစ်တိုးရီးယားပြည်နယ်၊

(စ) အနောက်သြစတြေးလျပြည်နယ်၊

(ဆ) သြစတြေးလျမြို့တော်နယ်မြေ၊

(ဇ) မြောက်ပိုင်းနယ်မြေ။

၉။ ပြည်နယ်များနှင့်နယ်မြေအသီးသီးတွင် သက်ဆိုင်ရာလွှတ်တော်များရှိကြပြီး ပင်မနယ်မြေ (၂) ခုတွင် လွှတ်တော်တစ်ရပ်စီရှိကာ ကျန်ပြည်နယ်အသီးသီးတွင် လွှတ်တော်နှစ်ရပ်စီရှိကြ ပါသည်။ ဖက်ဒရယ်ပါလီမန်မှ တိုက်ရိုက်အုပ်ချုပ်သော ကျွန်းစုနယ်မြေများလည်းရှိရာ ၎င်းတို့ မှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) အက်ရှ်မိုးနှင့် ကာတီးယေးကျွန်းစု၊

(ခ) သြစတြေးလျအန္တာတစ်နယ်မြေ၊

(ဂ) ခရစ်စမတ်ကျွန်းစု၊

(ဃ) ကိုကိုး (ကီးလန်း)ကျွန်းစု၊

(င) ကော်ရယ်ဆီးလ်ကျွန်းစု၊

(စ) ဟတ်ဒ်နှင့်မက်ဒေါ်နယ်လ်ကျွန်းစုများ၊

(ဆ) နော်ဖော့ခ်ကျွန်းစုများ။

**သဘာဝပတ်ဝန်းကျင်**

၁၀။ ဩစတြေးလျတိုက်၏ဒေသအများစုသည် ကန္တာရဒေသများဖြစ်သည်။ အချို့ဒေသများတွင် အယ်လ်ပိုင်းသစ်တောများ၊ မိုးသစ်တော(Rain Forest) များပေါက်ရောက်လျက်ရှိရာ ရာသီဥတုမျိုးစုံရောယှက်လျက်ရှိပါသည်။ သတ္တမျိုးစိတ်ပေါင်း ၂၅၀၀၀၀ အနက်မှ ၅ ရာခိုင်နှုန်းသော မျိုးစိတ်များအား ဩစတြေးလျတိုက်တွင်တွေ့ရှိရပါသည်။ ကမ္ဘာပေါ်တွင် မြွေမျိုးစိတ်အများဆုံး ကျက်စားသောနိုင်ငံဖြစ်ကာ မျိုးစိတ် ၇၇၅ မျိုးခန့် ရှိပါသည်။ ရှားပါးမျိုးစိတ်များဖြစ်သည့် သားပိုက်ကောင်များ၊ ကိုအားလားကောင်များ၊ ဝန်းဘတ်သတ္တဝါငယ်များကျက်စားသည့် တစ်ခုတည်းသောနိုင်ငံဖြစ်ပါသည်။

**စီးပွားရေး**

၁၁။ ဩစတြေးနိုင်ငံ၏စီးပွားရေးသည် သတ္တုတွင်းလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများပေါ်တွင် အခြေခံထားပါသည်။ ဈေးကွက်စီးပွားရေးစနစ်အားကျင့်သုံးပြီး မြင့်မားသော GDP ရှိကာ ဆင်းရဲမွဲတေမှုအချိုးမှာ နည်းပါးလှပါသည်။ ၂၀၁၃ ခုနှစ်တွင် ဆင်းရဲမွဲတေမှုရာခိုင်နှုန်းမှာ ၁၁.၈ ရာခိုင်နှုန်းရှိပါသည်။

၁၂။ နိုင်ငံသုံးငွေကြေးမှာ ဩစတြေးလျဒေါ်လာဖြစ်ကာ ၎င်းငွေကြေးအား အခြားလွတ်လပ်သော သမုဒ္ဒရာပိုင်းနိုင်ငံများဖြစ်သည့် ခရီဘာတီနိုင်ငံ၊ တူဗာလူနိုင်ငံနှင့် နာအူယူနိုင်ငံတို့မှလည်း သုံးစွဲလျက်ရှိပါသည်။ ဩစတြေးလျနိုင်ငံ၏ စတော့အိပ်ချ်ချိန်းသည် ကမ္ဘာပေါ်တွင် စိတ်ချယုံကြည်ရမှုအဆင့် ၉ တွင်ရှိပါသည်။ အစိုးရ၏ကြွေးမြီမှာ ဒေါ်လာ ၁၉၀ ဘီလီယံရှိကာ အိမ်ခြံမြေဈေးမှာ မြင့်မားလှပါသည်။

၁၃။ နိုင်ငံတွင် လက်ရှိအလုပ်အကိုင်လုပ်ကိုင်သူဦးရေ ၁၂ သန်းကျော်ရှိကာ အလုပ်လက်မဲ့နှုန်းမှာ ၅.၂ ရာခိုင်နှုန်းဖြစ်ပါသည်။ လူငယ် (၁၅နှစ်မှ ၂၄နှစ်အတွင်း) အလုပ်လက်မဲ့နှုန်းမှာ ၁၁.၃ ရာခိုင်နှုန်းဖြစ်ပါသည်။ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂-၃ ရာခိုင်နှုန်းဖြစ်ပါသည်။ ဝိုင်တင်ပို့မှု

စတုတ္ထမြောက်အများဆုံးနိုင်ငံဖြစ်ကာ ဝိုင်တင်ပို့မှုမှ နှစ်စဉ်အမေရိကန်ဒေါ်လာ ၅.၅ ဘီလီယံခန့် ဝင်ငွေရရှိလျက်ရှိသည်။

**လူဦးရေနှင့်လူမျိုးများ**

၁၄။ ၂၀၁၆ ခုနှစ် နောက်ဆုံးကောက်ယူခဲ့သော သန်းခေါင်စာရင်းအရ သြစတြေးလျနိုင်ငံရှိ လူဦးရေ ၂၃ သန်းကျော်အနက် လူမျိုးစုအလိုက် ရာခိုင်နှုန်းအချိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အင်္ဂလိပ် - ၃၆.၁ %၊

(ခ) သြစတြေးလျ - ၃၃.၅ %၊

(ဂ) အိုင်းရစ်- ၁၁.၀ %

(ဃ) စကော့တစ်ချ်- ၉.၃ %၊

(င) တရုတ်- ၅.၆ %၊

(စ) အီတလီ- ၄.၆ %၊

(ဆ) ဂျာမန်- ၄.၅ %၊

(ဇ) အိန္ဒိယ- ၂.၈ %၊

(ဉ) ဂရိ- ၁.၈ %၊

(ည) ဒတ်ချ်- ၁.၆ %။

၁၅။ မြို့ကြီးများအလိုက် လူဦးရေအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆစ်ဒနီ- ၅,၁၃၁,၃၂၆ ယောက်၊

(ခ) မဲလ်ဘုန်း-၄,၈၅၀,၇၄၀ ယောက်၊

(ဂ) ဘရစ်ဆဘင်- ၂,၄၀၈,၂၂၃ ယောက်၊

(ဃ) ပတ်သ်မြို့- ၂,၀၄၃,၁၃၈ ယောက်၊

(င) အက်ဒီလိတ်- ၁,၃၃၃,၉၂၇ ယောက်၊

(စ) ဂိုးလ်ကို့စ်- ၆၄၆,၉၈၃ ယောက်၊

(ဆ) နယူးကာဆယ်- ၄၃၆,၁၇၁ ယောက်၊

(ဈ) ကန်ဘာရာ- ၄၃၅,၀၁၉ ယောက်၊

(ဈ) ဆန်းရှိုင်းကို့စ်- ၃၁၇,၄၀၄ ယောက်၊

(ည) ဝူလန်ဂွန်း-၂၉၅,၆၆၉ ယောက်၊

(ဋ) ဟိုးဘတ်-၂၂၄,၄၆၂ ယောက်၊

(ဌ) ဂီးလွန်း-၁၉၂,၃၉၃ ယောက်၊

(ဍ) တောင်းစ်ဗီးလ်- ၁၇၈,၈၆၄ ယောက်၊

(ဎ) ကားစ်- ၁၅၀,၀၄၁ ယောက်၊

(ဏ) ဒါဝင်- ၁၄၅,၉၁၆ ယောက်၊

(တ) တူဝမ်ဘာ- ၁၁၄,၀၂၄ ယောက်၊

(ထ) ဘယ်လာရစ်- ၁၀၁,၅၈၈ ယောက်၊

(ဒ) ဘန်ဒီဂို- ၉၅,၅၈၇ ယောက်၊

(ဓ) အယ်လ်ဘာရီ- ၉၀,၅၇၆ ယောက်၊

(န) လန်ဆက်စတန်- ၈၆,၃၃၅ ယောက်။

**ဘာသာရေး**

၁၆။ နိုင်ငံအတွင်း ဘာသာအလိုက် ကိုးကွယ်မှုရာခိုင်နှုန်းအား အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်[1] -

| **ကိုးကွယ်သည့်ဘာသာ** | **ရာခိုင်နှုန်း** |
|---|---|
| ဘာသာမဲ့ | ၃၀.၁% |
| ရိုမန်ကတ်သိုလစ် | ၂၂.၆% |
| အခြားခရစ်ယာန် | ၁၆.၃% |
| အန်ဂျလီကန် | ၁၃.၃% |
| အစ္စလာမ် | ၂.၆% |

[1] "Religion in Australia, 2016". Australian Bureau of Statistics. 28 June 2017. Retrieved 31 January 2018.

| | |
|---|---|
| ဗုဒ္ဓ | ၂.၄% |
| ဟိန္ဒူ | ၁.၉% |
| ဆစ်ခ် | ၀.၅% |
| ဂျူး | ၀.၄% |
| အခြား | ၀.၄% |

## သြစတြေးလျ-မြန်မာဆက်ဆံရေး

၁၇။ မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျသံရုံးအား ၁၉၅၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး သံတမန်ဆက်ဆံရေးနှစ်ပေါင်း ၆၇ နှစ်ရှိပြီးဖြစ်ပါသည်။ နှစ်နိုင်ငံအကြား အပြန်အလှန် ကူးလူးဆက်ဆံမှုများပြားစွာရှိခဲ့ပြီး စီးပွားရေး၊ ပညာရေးနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

၁၈။ သြစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီစနစ်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ခဲ့ပြီး ၂၀၁၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအဖြစ် သြစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး Mr. Rudd လာရောက်လည်ပတ်ခြင်းဖြင့် ဆက်ဆံရေးကဏ္ဍသစ်ကိုစတင်ခဲ့သည်။ သြစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ချောမွေ့အောင်မြင်ရေးနှင့် ပညာရေး၊ ကျန်းမာရေးပိုင်းဆိုင်ရာကဏ္ဍများတွင် အလေးပေးဆောင်ရွက်ခဲ့သည်။

၁၉။ ၂၀၁၃ ခုနှစ်တွင် သြစတြေးလျကုန်သွယ်ရေးကော်မရှင်ရုံးအား ရန်ကုန်တွင် ဖွင့်လှစ်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် စစ်သံမှူးရုံးအားဖွင့်လှစ်ခဲ့သည်။ ၎င်းအပြင် နိုင်ငံတကာရာဇဝတ်မှုများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သြစတြေးလျဖက်ဒရယ်ရဲတပ်ဖွဲ့ရုံးခွဲအား ရန်ကုန်မြို့သြစတြေးလျသံရုံးတွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။

၂၀။ ၂၀၁၈ ခုနှစ်တွင် မြန်မာပညာတော်သင် ၅၁ ဦးအား သြစတြေးလျနိုင်ငံတက္ကသိုလ်များသို့ စေလွှတ်ပညာသင်နိုင်ခဲ့ကာ ယနေ့အချိန်တွင် ပညာတော်သင် ၂၆၁ ဦး ကျော်သည် သြစတြေးလျနိုင်ငံတွင် ကမ္ဘာ့အဆင့်မီပညာရေးများ သင်ကြားလျက်ရှိပါသည်။ သြစတြေးလျ

ကျွမ်းကျင်သူ ၂၀ ဦးသည် မြန်မာနိုင်ငံရှိ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင် ပါဝင်လုပ်ကိုင်လျက်ရှိပါသည်။

**သြစတြေးလျနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေ**

၂၁။ ၂၀၁၉ ခုနှစ်၊ မတ်လတွင် နယူးဇီလန်နိုင်ငံ၊ Christchurch ရှိ ဗလီ ၂ ခု၌ အကြမ်းဖက်မှုဖြစ်ပွားခဲ့ပြီး လူ ၄၉ ဦး အသတ်ခံခဲ့ရကာ ၄၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ၎င်းအကြမ်းဖက်မှုသည် နယူးဇီလန်နိုင်ငံ၏သမိုင်းတွင် အကြီးမားဆုံးပစ်ခတ်မှုဖြစ်ကြောင်း နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် Ardern က ပြောကြားခဲ့ပါသည်။ ၎င်းအကြမ်းဖက်မှုတွင် သံသယဖြစ်ဖွယ်စွပ်စွဲပြောဆိုခံရသော သြစတြေးလျနိုင်ငံသား Brenton Harrison Tarrant အား ဖမ်းဆီးခံရမှုနှင့်ပတ်သက်၍ သြစတြေးလျနိုင်ငံတွင် မငြိမ်သက်မှုများဖြစ်ပွားလျက်ရှိပါသည်။

# မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျ သံအမတ်ကြီး Ms. Andrea Faulkner ၏ ကိုယ်ရေးအကျဉ်း



မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး Ms. Andrea Faulkner ကို ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင်မွေးဖွားခဲ့ပြီး အက်ဒလိတ်တက္ကသိုလ်မှ ဂီတဘွဲ့၊ ဝိဇ္ဇာဘွဲ့ (ဂုဏ်ထူးတန်း)နှင့် ပညာရေးဆိုင်ရာဒီပလိုမာဘွဲ့ရရှိခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ဩစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနတွင် အဆင့်အသီးသီး၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ်မှ စတင်၍ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာနခွဲတွင် လက်ထောက်အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ပါရီမြို့၊ ဩစတြေးလျသံရုံးတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ဟန်နွိုင်းနှင့် တဲအဗီးလ်မြို့များရှိ ဩစတြေးလျသံရုံးတွင် ဒုတိယသံရုံးအကြီးအကဲအဖြစ်လည်းကောင်းအသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာဩစတြေးလျနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ခြင်းခံခဲ့ရသည်။